# ပိုးဟပ်များတို့ ကိုနှိမ်နင်းပါ။

ပိုးဟပ်များသည် လူသားများတို့ ကို များစွာ အခက်ခဲပေးနိုင်ပါသည်၊ ၎င်း၏ကိုယ်ခန္ဓါအစိပ်အပိုင်းများ၊စွန့်ကြဲသော အညစ် အကြေးများတို့ သည် လူကိုဖျားနာစေနိုင်ပါသည်။ အောက်ပါလွယ်ကူသောနည်းစံနစ်ဖြင့် ပိုးဟပ်များကိုနှိမ်နင်းနိုင်ပါသည်။

## ပိုးဟပ်များကိုအစါအငတ်ခံထါးပါ။

ပိုးဟပ်များသည်စားစရာရှိတတ်သောအရပ်တွင်နေတတ်ပါသည်၊ စားစရာများမတွေ့ ပါက နေရာအသစ် ရှာဖွေတတ်သည်။

- ☐ အန်ဆွဲ၊ဘီရိုနှင့်စါးပွဲများပေါ်တွင် အစားအသောက်များမထားပါနှင့်။
- ☐ အစါးကြွင်းကျန်များအားလုံး တို့ ကို သန့် ရှင်းရေးပြု လုပ်ပြီးသေချာစွါပြန်၍သိမ်းဆည်းပါ။
- ☐ အစါးအသောက်များထည့်၍သိမ်းဆည်းသောဗူးများ၊အိတ်များတို့ ကို လုံခြုံ စွါပိတ်ထားပါ။
- ☐ အမှိုက်ပုံးများကိုအဖုံးဖုံးထားပါ၊ အစားအသောက်များကို အဖုံးမဖုံးဘဲ တညသိပ်ပြင်ပတွင်မထားခဲ့ပါနှင့်။

## ပိုးဟပ်များကိုရေအငတ်ခံထားပါ။

ပိုးဟပ်များသည် ရေကိုမသောက်သုံးဘဲ အသက်မရှင်နိုင်ပါ၊ အိမ်တွင်းရှိ သောက်သုံးရေအားလုံးကိုဖုံးအုပ်ထားပါ။

- ☐ ရေပုံပိုင်နှင့်ပိုက်များ ရေယိုနေပါက ချက်ချင်းပြု ပြင်ပါ။
- ☐ ပန်ကန်များဆေးကြောပြီးလျင်၊ရေချိုးပြီးလျင် အသုံးပြု ပြီးသောရေဟောင်းများကို လုံးဝစွန့် ပစ်ပါ။
- ☐ ရေနုတ်မြောင်းများအတွင်းမှာ ရေဟောင်းများနှင့် အမှိုက်သရိုက်များ မရှိစေပါနှင့်။
- ☐ မြေအောက်ခန်း၊ မီးဖိုချောင်၊ ရေးချိုးခန်းများတို့ ကို အစဉ်သန့် ရှင်းချောက်သွေ့ အောင်ထားပါ။

## ပိုးဟတ်များကိုအိမ်တွင်းလုံးဝအဝင်မခံပါနှင့်။

- ☐ သင်၏နေအိမ်ကို အမြဲသန့် ရှင်းစွါ စံနစ်ရှိစွါဖြင့် ထားသိုပါ။
- ☐ အိမ်မမှပြင်ပသို့ သွယ်ထားသည့် လေဝင်ပေါက် နှင့် ရေမြောင်းတို့ ကို သံဇကါများဖြင့်ပိတ်ရမည်။
- ☐ ကြမ်းခင်းများ၊ပန်းကန်ဆေးသည့်နေရာ၏နောက်ဖက်။တံကါး၊ပြူ တင်းပတ်ပတ်လည် ဟနေသည့်နေရာများ၊ အက်ကွဲသည့်နေရာများ တို့ ကို ဖါရမည်။
- ☐ ကြမ်းခင်းများကို အစဉ်သဖြင့်ကြမ်းတိုက်ပါ၊တံမြက်စီးလှည်းပါ။

## နောက်ဆုံးအဆင့်၌သာလျင် ပိုးသတ်ဆေးကိုအသုံးပြု ပါ။

- ☐ ရည်ညွှန်းချက်ကိုသေချာစွါဖတ်ပြီးလျင် အညွှန်းအတိုင်းသေချာစွါ လိုက်နာရန်။
- ☐ အိမ်ပြင်ပတွင်အသုံးပြု သော ပိုးသတ်ဆေးကို အိမ်အတွင်း၌လုံးဝမသုံးရ။
- ☐ ကလေးသူငယ်များ ကစားစရာများနှင့်အိမ်မွေးသတ္တဝါများအနီးတွင် ပိုးသတ်ဆေးကိုလုံးဝမထားပါနှင့်။
- ☐ ပိုးသတ်ဆေးများကို မူရင်းဗူးတွင်း၌သာထားရှိပါ။
- ☐ ပိုးဟတ်များကိုနှိမ်နင်းသောအခါ တတ်နိုင်လျင် အစါထောင်ခြောက်ဖြင့်ထောင်ဖမ်းခြင်း၊ ဘေါရစ်အက်စစ်ဖြင့်နှိမ်နင်းခြင်းသည်သာ၍အန္တရာယ်ကင်းသည်။
- ☐ ပိုးသတ်ဆေးများဝယ်ယူသုံးစွဲပါက EPA မှတ်ပုံတင်အမှတ်ပါသည့် ပစ္စည်းကိုသာလျှင်သုံးစွဲရန်။ လမ်းဘေးဆိုင်မှ ၎င်း၊မိမိမိတ်ဆွေထံမှ၎င်း အလွယ်ဝယ်ယူမသုံးစွဲပါနှင့်။

**အိမ်တွင်းပိုးဟပ်နှိမ်နင်းရန်အတွက် လူကိုငှါးလျှင် အောက်ပါ အချက်များကိုဦးစွာစုံစမ်းပါ။**

- ☐ ပိုးမွှားနှိမ်နင်းမှုများနှင့်ပတ်သက်သော အသိအမှတ်ပြု လက်မှတ်ရှိ မရှိ။
- ☐ ကျွန်ုပ်အိမ်တွင်း၌ သင်သည်ပိုးဟပ်များတို့ ကို မည်ကဲ့သို့ နှိမ်နင်းမည်နည်း။
- ☐ မည်ကဲ့သို့ သော ပိုးသတ်ဆေးများတို့ ကိုအသုံးပြု မည်နည်း။

မေးခွန်းများနှင့်အခြားဖြည့်စွက်စရာများရှိပါက အောက်ပါ လိပ်စာကို ဆက်သွယ်နိုင်ပါသည်။


National Pesticide Information Center
1-800-858-7378
EPA
United States
Environmental Protection Agency

Fort Wayne –AllenCounty
Department of Health
Vector Control & Environmental Services Division
2242 Carroll Road
Fort Wayne, IN 46818
(260) 449-7459
(260) 449-7460 fax